# ယူတီကာမြို့တော်ဒေသန္တရဆိုင်ရာကျောင်း

## အကျဉ်းချုပ် – ညွှန်ကြားအုပ်ချုပ်ပုံနှင့်ပတ်သက်သည့်ဥပဒေသများ

**ညွှန်ကြားအုပ်ချုပ်ပုံနှင့်ပတ်သက်သည့်ဥပဒေသများနှင့်အချက်အလက်များပါဝင်သည့်ပြီး ပြည့်စုံသောမိတ္တူကိုကျောင်းများမှသော်၄င်း၊ဗဟိုအုပ်ချုပ်ရေးနှင့်ဆိုင်သောရုံးမှသော်၄င်း၊ ထို့အပြင်ခရိုင် အုပ်ချုပ်ရေးဆိုင်ရာဝက်ပ်ဆိုဒ်များမှဖတ်ရှုရယူနိုင်သည်။**

လေးစားရပါသောမိဘများ၊လူကြီးမင်းများ

ယူတီကာမြို့တော်ပညာရေးဆိုင်ရာကျောင်းသည်ကျောင်းသားများအားလုံး ဆရာ၊ဆရာများ၊ခရိုင်လူကြီးမင်းများနှင့်ဧည့်သည်တော်များအတွက်ပတ်ဝန်းကျင်ပျော်ရွှင်လွတ်လပ်ခြင်းနှင့်ဘေးအန္တရယ်ကင်းဝေးခြင်းနှင့်အတူလိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ထားပြီးဖြစ်သည်၊ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ – လူမျိုးအသားအရောင်ခွဲခြားခြင်း၊ခိုက်ရန်ဖြစ်ပွါးခြင်းနှင့်အင်အားသုံး၍ခြိမ်းခြောက်ခြင်းများမရှိသည့်လွတ်လပ်သောပတ်ဝန်းကျင်တွင်ပညာရည်တိုးတက်မြင့်မားရေးတခုအတွက်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ကျောင်းသားများအားလုံးသည်ပညာရေးနှင့်ပတ်သက်သည့်ရပိုင်ခွင့်နှင့်လက်တွေ့ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ရှားမှုများသည်တူညီသောအခြေခံတခုတည်းပေါ်တွင်ရရှိခံစားရမည်ဖြစ်သည်။

ထို့ကြောင့်ကျွန်ုပ်တို့သည်ညွှန်ကြားအုပ်ချုပ်ပုံနှင့်ပတ်သက်သည့်ဥပဒေသများကို ကျွန်ုပ်တို့၏ကျောင်းများတွင်လူအများပါဝင်လာနိုင်ရန်ပြုလုပ်ထားသည်၊နယူးယောက်ပြည်နယ်၏ ဘေးရန်ကင်းဝေးပြီးလုံခြုံစိတ်ချရသည့်ကျောင်းများ၏ပညာရေးဆိုင်ရာဥပဒေသအတွင်းနှင့်ပညာရေးနှင့်ပတ်သက်သည့်အစိုးရကောာ်မရှင်အဖွဲ့၏စည်းကမ်းများနှင့်ကိုက်ညီသည့်အခန်းကဏ္ဍ ၁၀၀–၂တွင်ပြည်နယ်အတွင်းကျောင်းဒေသန္တရတစ်ခုစီတါဝင်ညွှန်ကြားအုပ်ချုပ်ပုံနှင့်ပတ်သက်သည်တို့ရှိပြီးဖြစ်သည်၊၄င်းတို့ကိုသင်တို့သိရှိထားသင့်သည်။

ကျွန်ုပ်တို့၏ညွှန်ကြားအုပ်ချုပ်ပုံများသည်စီမံကွပ်ကဲအုပ်ချုပ်သူများ၊ဆရာ၊ဆရာမများ၊ကျောင်းသားမိဘများ၊ကျောင်းသူကျောင်းသားများနှင့်ပတ်သက်သူများအားဖြင့်ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်၊ ကျောင်းပညာရေးဆိုင်ရာလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်နေသောသူများအားလုံးနှင့်ကျောင်းကားစီးသူများအားလုံး၏ကိုယ်ကျင့်သိက္ခာအရမှန်ကန်ခြင်းနှင့်တာဝန်ယူဆောင်ရွက်ခြင်းတို့ကိုအ

ထက်ပါအချက်မှဖော်ပြထားသည်။ညွှန်ကြားထားသည့်အမိကအချက်အလက်များသည်အောက်ပါအချက်များဖြစ်သည့်ယဉ်ကျေးဖွယ်ရာဖြစ်သောတဦးနှင့်တဦးအပြန်အလှန်လေးစားမှုရှိခြင်း၊သီးခံခြင်းနှင့်ရိုးသားခြင်းတို့ပါဝင်သည်။အထူးသဖြင့်ကျွန်ုပ်တို့အနေဖြင့်ကျောင်းသားများကိုမေးရမည်မှာဘေးရန်ကင်းဝေးမှုရှိစေရန်ကျွန်ုပ်တို့အားကူညီခြင်းနှင့်ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ခြင်း၊အကယ်၍ဤအချက်များနှင့်ပတ်သက်၍သူတို့နားမလည်သည့်အချက်များရှိခဲ့လျှင်မေးခွန်းများကိုမေးရန်နှင့်ပြဿနာများကိုအကူအညီအတွက်မေးရမည်။ကျွန်ုပ်တို့မှာလည်းသူတို့ဘာလုပ်သင့်သည်၊မလုပ်သင့်သည်များအတွက်သူတို့တာဝန်ယူလက်ခံရန်အတွက်မျှော်လင့်ထားသည်။

ကျွန်ုပ်တို့သည်ကျောင်းသားများကိုသင်ယူရန်နှင့်တာဝန်ယူလက်ခံနိုင်ရန်လိုအပ်သကဲ့သို့လူတိုင်းဘေးရန်ကင်းဝေးခြင်း၊အခြားသူများ၏ပိုင်ဆိုင်မှုများနှင့်အခွင့်အရေးများအတွက်အလေးအနက်ထားမှုအပေါ်ကျွန်ုပ်တို့၏ဥပဒေမှအလေးအနက်ဖော်ပြသည်။အောက်ပါအချက်များဖြစ်သောအမိန့်နာခံမှုမရှိခြင်း၊ပုန်ကန်တော်လှန်ခြင်း၊မငြိမ်မသက်ပြုခြင်း(သို့)ကိုယ်ကျင့်သိက္ခာအားဖြင့်အန္တရာယ်ပြုခြင်းစသည်ကျောင်းသားများမည်သူမဆိုစည်းကမ်းချက်များကိုလိုက်နာမှုမရှိဘဲငြင်းပယ်မည်ဆိုပါကစည်းကမ်းချက်များချမှတ်ထားပြီးဖြစ်သည်။ဤစည်းကမ်းချက်များသည်သတိပေးတားမြစ်ချက်မှနေ၍ကျောင်းမှအမြဲတန်းထုပ်ပယ်ခြင်းကိုခံရမည်ဖြစ်သည်။

ဤစည်းကမ်းချက်များသည်အောက်တွင်ဖော်ပြသောအချက်များပေါ်တွင်အခြေခံထားပြီးအပြည့်အစုံကိုအောက်တွင်ဖော်ပြသောဥပဒေများတွင်အကြုံးဝင်သည်။

အမျိုးအစား(၁)

ဥပဒေစည်းကမ်းမလိုက်နာခြင်း၊ပုန်ကန်တော်လှန်ခြင်း၊သတ်မှတ်ထားသည့်ပုဂ္ဂိုလ်မဟုတ်ဘဲအတုအယောင်ပြုခြင်း၊အီလက်ထရောနစ်နှင့်ပြုလုပ်ထားသောပစ္စည်းများလက်ဝယ်ကိုင်ဆောင်ခြင်း၊(ဥပမာ)လက်ကိုင်ဖုံး၊အိုင်းပေ့၊အစဉ်မပြတ်နှောက်ယှက်ခြင်း၊ပညာသင်နေစဉ်မသင့်လျော်သောအပြုအမူနှင့်ကျောင်းကားအတွင်းမသင့်လျော်သောအပြုအမူပြုလုပ်ခြင်းများပါဝင်သည်။

အမျိုးအစား (၂)

ပြည်သူပိုင်ပစ္စည်းဥစ္စာတမင်သက်သက်ဖျက်ဆီးခြင်း၊ဘေးကင်းမှုမှအန္တရာယ်ဖြစ်အောင်ပြုလုပ်ခြင်း၊စာရိတ္တခိုင်မာမှု(သို့)အခြားသူများ၏ဘဝပျော်ရွှင်မှု(အင်အားသုံး၍အနိုင်ကျင့်ခြင်း၊အင်တာနက်မှနေ၍ခြိမ်းခြောက်ခြင်း)၊ပြစ်မှုမြောက်သောလိမ်လည်မှု၊အတုအယောင်ပြုလုပ်ခြင်း၊လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်းနှင့်ဆိုးဝါးသောပုန်ကန်မှုပြုလုပ်ခြင်းများပါဝင်သည်။

အမျိုးအစား (၃ ) သုံညအဆင့်သီးခံခြင်း (သို့)လုံးဝသီးမခံခြင်း)

အဓမ္မမှုကိုစီမံညွှန်ကြားခြင်း၊လက်နက်လက်ဝယ်ပိုင်ဆိုင်ထားခြင်း၊(သို့)လက်နက်နှင့်တူသောအရာကိုဟန်လုပ်ပြသခြင်း၊လက်နက်သုံးပြီးအသက်အန္တရာယ်ခြိမ်းခြောက်ခြင်း(သို့)လူတဦးတယောက်ကိုသတ်ခြင်း၊တရားမဝင်သောပစ္စည်းများကိုပိုင်ဆိုင်ခြင်း၊အရက်၊ဆရာဝန်ညွှန်ကြားချက်မရသောဆေးဝါးများကိုမှားယွင်းစွာသုံးစွဲခြင်းနှင့်လိင်မှုဆိုင်ရာမဖွယ်မရာပြုလုပ်ခြင်းများပါဝင်သည်။

ကျောင်းသူကျောင်းသားများသည်ကျောင်းဥပဒေသများနှင့်ပတ်သက်၍မည်သည့်ကျောင်းများမဆိုဥပဒေစည်းကမ်းကိုဖောက်ဖျက်ပါကကျောင်းတာဝန်ရှိသူတဦးဦးထံသို့တင်ပြရန်သတ်မှတ်ထားသည်။ကျန်းမာရေး၊ဘေးရန်ကင်းဝေးရေးနှင့်လူတိုင်းကောင်းမွန်စွာနေထိုင်နိုင်ခြင်းအတွက်ကျွန်ုပ်တို့အားလုံးတာဝန်ဖြစ်သည်ကိုသိထားရမည်။

ကျောင်းသားများမည်သူမဆိုကျောင်းဥပဒေကိုဖေါက်ဖျက်ပါကကြီးလေးသောပြစ်ဒဏ်ကိုခံရမည်ဖြစ်သည်၊လွဲမှားသောပြုမူပုံများဆက်လက်ပြုလုပ်နေလျှင်၄င်း(သို့)လုံးဝသီးမခံနိုင်သည့်အဆင့်(Zero Tolerance)အထိကျူးလွန်ခဲ့လျှင်အထူးသဖြင့်ကြီးမားသောပြစ်ဒဏ်ကိုပိုမိုခံရမည်ဖြစ်သည်၊ပြစ်ဒဏ်မှာနုတ်အားဖြင့်အထူးသတိပေးခြင်းမှနေ၍ကျောင်းမှအပြီးအပိုင်ထုပ်ပယ်သည်အထိခံရမည်ဖြစ်သည်။အပြည့်အစုံသိလိုပါကကျောင်းဥပဒေတွင်းဖေါ်ပြထားသည်။

ကျွန်ုပ်တို့သည်မိဘများ၊အုပ်ထိမ်းသူများနှင့်ကျောင်းသားများကိုသိစေအပ်သည့်အကြောင်းမှာသယ်ယူပို့ဆောင်ရေးသည်ကျောင်းသားကျောင်းသူ၏အခွင့်အရေးတခုဖြစ်သည်မှာမမှန်ကန်ပါ။ထို့ပြင်ကျောင်းခရိုင်ပညာရေးဌာနသည်သယ်ယူပို့ဆောင်ရေးထောက်ပံ့ခြင်းလုပ်ပိုင်ခွင့်အာဏာမရှိပါ။ကျောင်းသားများ၏လုပ်ရပ်များနှင့်အပြုအမူသည်အကျင့်ဆိုးတခု၏ပြင်းထန်မှုတစ်ခုနှင့်အကြိမ်အရေအတွက်ဆက်စပ်မှုအတွင်းကိုင်တွယ်ဖြေရှင်းရလိမ့်မည်ယူတီကာမြို့တော်ကျောင်းခရိုင်ပညာရေးဌာန၏ကျင့်ဝတ်စည်းမျဉ်းသည်ခရိုင်တစ်ခု၏သယ်ယူပို့ဆောင်ရေးစနစ်ကိုတိုးချဲ့သွားမည်၊လက်မခံနိုင်သောအပြုအမူကိုဆက်လက်ဖြစ်ပေါ်နေလျှင်ကျောင်းကားစီးသည့်အခွင့်အရေးများမှဖယ်ရှားခြင်းအဖြေကိုခံစားရလိမ့်မည်ဖြစ်သည်။

ကျောင်းသားများအားလုံးအပြင်၄င်းတို့၏မိဘများနှင့်ကျောင်းတွင်လုပ်ကိုင်နေသောဝန်ထမ်းများအားလုံးကျောင်းတွင်းလုပ်ရှားမှုများနှင့်လုပ်ငန်းခွင်အတွင်းသင့်လျှော်သေသပ်သောဝတ်စားဆင်ယဥ်မှုပြုရန်ကျွန်ုပ်တို့မျှော်လင့်ထားပါသည်။ကျောင်းသားများအားလုံးတစ်ကိုယ်ရည်သန့်ရှင်းခြင်းအတွက်အထူးဂရုစိုက်ရန်ကျွန်ုပ်တို့မှထပ်မံမျှော်လင့်ထားပါသည်။

ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုစည်းမျဉ်းများကိုပြီးပြည့်စုံသောဥပဒေသအတွင်းအသေးစိတ်ရှင်းပြထားသည်။သို့သော်လည်းကျောင်းပညာရေး၏အဓိကရည်ရွယ်ချက်အားဖြင့်အနှောင့်အယှက်မဖြစ်စေရန်နှင့်ယဉ်ကျေးသောဝတ်စားမှုအပြုအမူအရကျောင်းသားများအတွက်ဥပဒေစည်းကမ်းများလိုအပ်သည်။မည်သည့်ကျောင်းသားမဆိုသင့်လျော်သောဝတ်စားဆင်ယင်မှုမပြုပါကမှန်ကန်သောဝတ်စားဆင်ယင်မှုပြုစေရန်ပြောပြသင့်သည်။မည်သည့်ကျောင်းသားမဆိုစည်းကမ်းချက်များကိုလိုက်နာရန်ငြင်းပယ်ပါကသတိပေးခြင်းနှင့်ကျောင်းမှခေတ္တရပ်ဆိုင်းခြင်းခံရမည်ဖြစ်သည်။

ကျောင်းသားများနှင့်မိဘများအတွက်အခွင့်အရေးများရှိကြသည်။ကျောင်းသားများမည်သည့်ပြစ်ဒဏ်ပေးခံရခြင်းအတွက်အကြောင်းရင်းများအားကျောင်းသားများကိုအသိပေးခံရမည့်ပြင်စည်းကမ်းကိုကျင့်သုံးသောအခြေအနေဆီသို့ဦးတည်ပြီးအခြေအနေတခု၌၄င်းတို့အားအမြင်ရှုထောင့်ကိုရှင်းပြနိုင်ရန်အခွင့်အရေးများရရှိမည်။ကျောင်းသားမိဘများလည်းအခြေအနေများကိုကြားရမည့်အခွင့်အလန်းများရှိသည်၊ပြင်းထန်သောပြသနာများတွင်ကျောင်းသားများ၏ပြုမူပုံအမှားအမှန်ပေါ်တွင်၄င်းတို့တစုံတရာခံစားချက်ရှိခဲ့လျှင်ကျောင်းရုံးအရာရှိများသည်ကြီးကြပ်အုပ်ချုပ်သူ၏ကြားနာခြင်းကိုနားညောင်းခံရမည်၊ဥပဒေစည်းကမ်းများသည်မိဘများ၏ထူးခြားသောအခွင့်အရေးများသတင်းအချက်အလက်များပါဝင်သည်၊အကြံပေးနိုင်သည့်အခွင့်အရေးများလည်းပါဝင်သည်။

နောက်ဆုံးအနေဖြင့်နယူးယောက်ပြည်နယ်ဥပဒေအရမည်သူမဆိုတဦးတယောက်ထံသို့လာရောက်လည်ပတ်လိုပါကခွင့်ပြုချက်ကိုပင်မရုံးခန်းတွင်တောင်းခံရမည်။ဧည့်သည်များသည်သက်သေခံမှတ်ပုံတင်ကပ်ပြားပြရန်မေးမြန်းခြင်းခံရမည်၊အကယ်၍ခွင့်ပြုချက်ရရှိပြီးလျှင်ဧည့်သည်များသည်မှတ်ပုံတင်စာအုပ်တွင်လက်မှတ်ရေးထိုးပြီးခွင့်ပြုချက်အမှတ်အသားတခုထုပ်ပေးမည်၄င်းသည်ပြန်လည်ထွက်သွားသည်အထိတတ်ဆင်ထားရမည်ဖြစ်သည်၊မည်သို့သောကျောင်းများတွင်မဆိုဧည့်သည်များသည်လာရောက်လည်ပတ်သည့်မည်သို့သောအခြေအနေ၌မဆိုယဉ်ကျေးပြီးအပြုအမူအရလေးစားလိုက်နာသည့်အမူအရာကိုပြရမည်၊ဤစည်းမျဉ်းစည်းကမ်းများကိုဖေါက်ဖျက်ကျူးလွန်ပါကတရားစွဲဆိုခြင်းခံရမည်ဖြစ်သည်။

အကြောင်းအရာပြန်လည်သုံးသပ်ချက်   ဧပြီလ  ၂၆ ရက် ၂၀၁၇ ခုနှစ်